HAYMAN




## ၁) "ငွေအိတ်ပိုက်ဖို့ စုလိုက်စို့" အထူးအစီအစဉ်ဆိုတာ ဘာလဲ?

ဟေမာန်၏ သက်တမ်း ၉ နှစ်တာ ကာလပတ်လုံးတွင် လက်တွဲခဲ့ကြသည့် အသင်းသားများအား ကျေးဇူးတုံ့ပြန်သည့် အနေဖြင့် စာရင်းသေအပ်ငွေ Fixed-Term Saving Deposit အကောင့်များတွင် အနည်းဆုံး ငွေပမာဏ ကျပ် ၅ သိန်းမှ စတင်ပြီး စုငွေထည့်ဝင်မည့် အသင်းသားများအား ငွေသားဆုမဲများ ကံစမ်းမဲဖောက်ပေးမည့် အထူးအစီအစဉ်တစ်ခု ဖြစ်ပါသည်။

## ၂) ကံစမ်းမဲမှာ ဘယ်လို ဆု အမျိုးအစားတွေ ပါဝင်မှာလဲ?

| ဆု အမျိုးအစား | အရေအတွက် |
|---|---|
| ပထမဆု: နှစ်ဆယ့်ငါးသိန်းကျပ် | ၄ ဆု |
| ဒုတိယဆု: တစ်ဆယ့်ငါးသိန်းကျပ် | ၈ ဆု |
| တတိယဆု: တစ်ဆယ်သိန်းကျပ် | ၈ ဆု |
| စတုတ္ထဆု: ငါးသိန်းကျပ် | ၁၆ ဆု |
| ပဥ္စမဆု: တစ်သိန်းကျပ် | ၁၆ ဆု |

## ၃)  ကံစမ်းမဲ အစီအစဉ်ထဲပါဝင်ဖို့ ဘာတွေ လုပ်ဖို့လိုလဲ?

ကံစမ်းမဲ အစီအစဉ်ထဲ ပါဝင်ရန် ဦးစွာ ဟေမာန်၏ အသင်းသား ဖြစ်ရန် ဆောင်ရွက်ရပါမည်။ အသင်းသား ဖြစ်ပြီးပါက အနည်းဆုံး စုငွေပမာဏ ငါးသိန်းကျပ် ဖြင့် ဟေမာန်၏ စာရင်းသေ စုငွေ Fixed-Term Saving Deposit အကောင့်များထဲမှ (၃ လ၊ ၆လ၊ ၁၂ လ) စသည်ဖြင့် နှစ်သက်ရာ ကို ရွေးချယ်၍ စုငွေထည့်ဝင်ကာ ယခု ကံစမ်းမဲ အစီအစဉ်ကို ပါဝင် ကံစမ်းနိုင်ပါသည်။

## ၄)  ဤကံစမ်းမဲ အစီအစဉ်အတွက် ၅၀၀,၀၀၀ သိန်းကျပ် နှင့် အထက် ငွေစုမယ်ဆိုလျှင် ရနိုင်ပါသလား?

ဟေမာန်တွင် စုငွေများများ ထည့်လျှင် ကံစမ်းမဲပေါက်၍ (ဆု) ရရှိရန် အခွင့်အရေးပိုများလေဖြစ်ပြီး၊ သင့်အနေဖြင့် ၅၀၀,၀၀၀ သိန်းကျပ် တစ်ကြိမ် ငွေစုလျှင် ဟေမာန်မှ ကံစမ်းမဲဖောက်ရာတွင်အသုံးပြုမည့် ကံစမ်းမဲငွေစုလက်မှတ် (၁) စောင်ပေးအပ်သွားမည် ဖြစ်ပါသည်။ အကယ်၍ သင်၏ စုငွေ ၁,၀၀၀,၀၀၀ သိန်းကျပ် ဖြစ်ပါက စုစုပေါင်း လက်မှတ် (၂) စောင် ရရှိမည် ဖြစ်ပြီး အခြား သူများထက် ကံစမ်းမဲပေါက်ရန် အခွင့်အရေး ပိုမို ရရှိမည် ဖြစ်ပါသည်။ ထို့နောက် စုငွေ ၁,၅၀၀,၀၀၀ ကျပ် စုဆောင်းမည် ဆိုလျှင်လည်း အလားတူစွာ လက်မှတ် (၃) စောင် ရရှိမည် ဖြစ်ပြီး အဆိုပါ အစီအစဉ်အတိုင်း ငွေကျပ် ၅ သိန်းလျှင် ကံစမ်းခွင့် လက်မှတ် တစ်စောင် နှုန်း ပေးအပ်သွားမည် ဖြစ်ပါသည်။

## ၅)  ကျွန်တော်က ဟေမာန်မှာ စုငွေ အပ်နှံထားပြီးသားသူ တစ်ယောက်ပါ။ ဒါပေမယ့် အဲ့ဒီ စုငွေတွေကို ဆန္ဒအလျောက်စုဆောင်းငွေ နဲ့ မဖြစ်မနေစုငွေအကောင့် မှာ အပ်နှံထားပါတယ်... အဲ့ဒီတော့ အခု ကံစမ်းမဲအစီအစဉ်မှာ ပါဝင်ဖို့ ဘာများ ဆက်လုပ်ဆောင်ရွက်ရန် လိုအပ်ပါသလဲ?

ဆန္ဒအလျောက်စုဆောင်းငွေအား မိမိ စုငွေ အကောင့်မှ ဟေမာန်၏ စာရင်းသေ စုငွေ အကောင့်သို့ လွှဲပြောင်း၍ ဤ ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်နိုင်ပါသည်။ လွှဲပြောင်းမှု ပြုလုပ်လိုပါက မိမိ စုဆောင်းငွေ အပ်နှံခဲ့သည့် ရုံးခွဲသို့ လူကိုယ်တိုင်သွားရောက်ဆောင်ရွက်နိုင်ပြီး ရုံးခွဲမှ ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

## ၆) ကံစမ်းမဲ အစီအစဉ်မှာ ပါဝင်နိုင်ဖို့ ၅၀၀,၀၀၀ သိန်းကျပ် တစ်ခါတည်း မသွင်းနိုင်လို့ပါ ဒါပေမယ့် စုငွေ ၁၀၀,၀၀၀ သိန်းကျပ်စီကို (၁လ) တစ်ခါအနေနဲ့ (၅ လ) ဆက်တိုက်ပေးသွင်းပြီး ငွေစုမယ်ဆိုလျှင် ဤအစီအစဉ်မှာ ပါဝင်လို့ ရနိုင်ပါသေးလား?

ဟေမာန်၏ ဆန္ဒအလျောက် စုငွေ အကောင့်တွင် အသင်းသား၏ စုငွေကို ၅၀၀,၀၀၀ သိန်းကျပ် အထိ ပြည့်အောင် စုဆောင်းထားပြီး အဆိုပါ အကောင့်တွင် ၅၀၀,၀၀၀ သိန်းကျပ်ပြည့်မြောက်ပါက ဆန္ဒအလျောက်စုဆောင်းငွေ အကောင့်ထဲမှ စာရင်းသေအပ်ငွေ အကောင့်ထဲသို့ ပြောင်းရွှေ့ပြီး ဤ ကံစမ်းမဲအစီအစဉ်တွင် ပါဝင်နိုင်ပါသည်။

## ၇) ဟေမာန်မှာ စာရင်းသေအပ်ငွေ အကောင့်ဖွင့်ဖို့ ချေးငွေမဖြစ်မနေရယူရန် လိုအပ်ပါသလား?

လိုအပ်ပါသည်။

## ၈) ဟေမာန်တွင် စာရင်းသေအပ်ငွေ အကောင့်ဖွင့်ရန် မည်သည့် စာရွက်စာတမ်းများ လိုအပ်ပါသလဲ?

စာရင်းသေအပ်ငွေ အကောင့်ဖွင့်ရန် သင်၏ မူရင်း နှင့် မှတ်ပုံတင်ကဒ်၊ အိမ်ထောင်စုစာရင်း မိတ္တူ နှင့် Passport Size ဓါတ်ပုံ တစ်ပုံ ကို ယူဆောင်လာရန် လိုအပ်ပါသည်။ ထို့နောက် ရုံးခွဲရှိ ဝန်ထမ်းများထံမှ Application Form ရယူ၍ လိုအပ်သည်များကို ဖြည့်သွင်းပြီး ငွေစုဆောင်းမှု ကို ပြုလုပ်နိုင်ပါသည်။ စုငွေအပ်နှံမှု အထောက်အထားအဖြစ် ရုံးခွဲတာဝန်ခံ ဝန်ထမ်းမှ ငွေစုလက်မှတ်ကို ထုတ်ပေးပါမည်။

## ၉) ကံစမ်းမဲပေါက်ခဲ့လျှင် ဆုလက်ဆောင် ထုတ်ယူရန်အတွက် မည်သည့် စာရွက်စာတမ်းများ လိုအပ်ပါသလဲ?

ယူဆောင်လာရမည့် အချက်များကတော့ (၁) ဆုမဲပေါက်သည့် စာရင်းသေ ငွေစုသည့်လက်မှတ်နှင့် (၂) မူရင်း မှတ်ပုံတင်ကဒ် ကို ရုံးခွဲသို့ ယူဆောင်လာရန် လိုအပ်ပါသည်။ အကယ်၍ သင်သည် အကြောင်းတစ်စုံတစ်ရာကြောင့် ကံစမ်းမဲပေါက်သည့်(ဆု)အား ကိုယ်တိုင် လာရောက်ထုတ်ယူရန် အဆင်မပြေခဲ့ပါက သင့်မိသားစုဝင်တစ်ဦးဦးမှ သင့်ကိုယ်စားလာရောက်၍ ထုတ်ယူနိုင်ပြီး (ဆု) လာထုတ်ယူသူသည် (၁) စာရင်းသေအပ်ငွေစုသည့်လက်မှတ်မူရင်း၊ (၂) ဆုငွေ ထုတ်ယူသူ၏ မှတ်ပုံတင် မူရင်း၊ (၃) မူရင်း အိမ်ထောင်စုစာရင်း (မိသားစုဝင်ဖြစ်ကြောင်း အထောက်အထား)၊ (၄) ကိုယ်စားလှယ်လွှဲစာတို့အား ယူဆောင်လာရန် လိုအပ်ပါသည်။

## ၁၀) အကယ်၍ စုငွေ ၅၀၀,၀၀၀ ကျပ်အား စာရင်းသေ စုငွေ အကောင့်ဖြင့် (၃လ) စုပြီးသွားပါက နောက်ထပ် အလိုအလျောက် သက်တမ်းတိုးသွားမည့် စုငွေကာလအတွက် ကံစမ်းမဲလက်မှတ် (၁) စောင် ထပ်မံ၍ ရရှိနိုင်ပါသလား?

သင်၏ စာရင်းသေအပ်ငွေအကောင့်သည် အလိုလျှောက် သက်တမ်းတိုးသွားသည့်အခါ သင့်အနေဖြင့် လက်ဝယ်ရှိထားသည့် Certificate ကို ဆက်လက် သိမ်းဆည်းထားနိုင်ပြီး ၎င်း Certificate ဖြင့် ကံစမ်းမဲ အစီအစဉ်တွင် ဆက်လက်ပါဝင်နိုင်ပါသည်။ သို့သော် သင်သည် ကံစမ်းမဲကာလအတွင်း သင်၏ စုငွေများအား ပြန်လည် ထုတ်ယူသွားပါက သင့်လက်ထဲတွင် Active ဖြစ်နေသော Fixed-Term Deposit Certificate မရှိတော့ပြီ ဖြစ်သည့်အတွက် ၎င်း ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်ခွင့်မရှိတော့ပါ။ ကံစမ်းမဲ လက်မှတ် ၁ စောင်ထက် ပို၍ ရရှိမည့် အခြေအနေသည် သင့်တွင် စာရင်းသေအပ်ငွေ စုငွေအနည်းဆုံး ၅၀၀,၀၀၀ဖြင့် အကောင့်နှစ်ခု (သို့မဟုတ်) နှစ်ခုထက်ပိုမို၍ ဖွင့်ထားပြီး ၎င်းအကောင့်အကုန်လုံးသည် ကံစမ်းမဲဖောက်မည့် ကာလအတွင်း Active ဖြစ်နေမှသာ ကံစမ်းမဲလက်မှတ် ၁ စောင်ထက်ပိုမို၍ ရရှိနိုင်မည် ဖြစ်ပါသည်။

## ၁၁) မိမိ၏ ငွေစုလက်မှတ် ပျောက်ဆုံးသွားပါက (သို့မဟုတ်) လက်မှတ် ပျက်စီးသွားလျှင် စုထားသည့်ငွေကို ပြန်ထုတ်ယူလို့ ရပါသလား?

သင့်တွင် မှုရင်း မှတ်ပုံတင်ကဒ် ရှိပြီး ဟေမာန်၏ အတည်ပြုခြင်းလုပ်ငန်းစဉ်အားလုံးပြီးမြောက်ပါက သင်၏ ငွေစုအကောင့်မှ သင်၏စုငွေ အားလုံးကို ထုတ်ယူနိုင်ပါသည်။ သို့သော် သင်သည် ကံစမ်းမဲဆုပေါက်သူဖြစ်ခဲ့လျှင် လက်မှတ်ဆုံးရှုံးသွားပါက သင်၏ဆုအား ထုတ်ယူ နိုင်ခွင့်ရှိတော့မည် မဟုတ်ပါ။ ထို့ကြောင့် ကံစမ်းမဲကာလအတွင်း သင်၏ ငွေစုလက်မှတ်အား မပျောက်မပျက်၊ မဆုံးရှုံးစေရန် သေချာ သိမ်းဆည်းထားဖို့ အကြံပြုတိုက်တွန်း အပ်ပါသည်။

## ၁၂) ကံစမ်းမဲ အစီအစဉ်မှာ သတ်မှတ်ထားတဲ့ Terms and Conditions စည်းကမ်းချက်တွေ ဆိုတာ ဘာလဲ?

ကံစမ်းမဲဖွင့်လှစ်မည့်အချိန်တွင် သင့်ထံ၌ သက်တမ်းကျန်ရှိနေသော Fixed-Term Saving Deposit Certificate လက်ဝယ်ရှိနေမှသာလျှင် ၎င်း အစီအစဉ်ကို ပါဝင်ခွင့်ရှိပါမည်။ စုငွေအပ်နှံခြင်း၊ စုငွေထုတ်ယူခြင်း၊ ဆုလက်ဆောင်ထုတ်ယူခြင်း အစရှိသည့် ကိစ္စရပ်များအားလုံးအတွက် အသင်းသားကိုယ်တိုင်ရုံးခွဲသို့ လိုအပ်သည့် စာရွက်စာတမ်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ဆောင်ရွက်ရမည် ဖြစ်ပြီး ကိုယ်စားလှယ်လွှဲအပ်ခြင်းကြောင့် နောက်ဆက်တွဲ ဖြစ်ပေါ်လာသည့် ပြဿနာများအား ကုမ္ပဏီမှ ဖြေရှင်းတာဝန်ယူရန် ခက်ခဲမည်ဖြစ်ကြောင်း ကြိုတင် အသိပေးပါသည်။ ဟေမာန်တွင် လက်ရှိ အလုပ်လုပ်နေသည့် ဝန်ထမ်းများသည် ယခု ကံစမ်းမဲ အစီအစဉ်တွင် ပါဝင်ခွင့်မရှိပါ။ ၎င်းအစီအစဉ်နှင့်ပတ်သတ်ပြီး အငြင်းပွားဖွယ် တစ်စုံတစ်ရာ ဖြစ်ပေါ်ခဲ့ပါက ဟေမာန်၏ စည်းမျဉ်းစည်းကမ်းများနှင့် အညီ စစ်ဆေးပြီး ကုမ္ပဏီ၏ ဆုံးဖြတ်ချက်ကိုသာ အတည်ပြုမည် ဖြစ်ပါသည်။